**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံစာရင်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် - ၂၂ / ၂၀၂၄**

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

## နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများလိုက်နာကျင့်သုံးရန် ထုတ်ပြန်ခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ တည်ဆဲဥပဒေများအရ ဖွဲ့စည်းတည်ထောင်ထားသော အများပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ (Public Interest Entities - PIEs) သည် ဘဏ္ဍာရေး အစီရင်ခံတင်ပြရာတွင် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (International Financial Reporting Standards -IFRSs) နှင့်အညီ မလွဲမသွေလိုက်နာကျင့်သုံးရန် သတ်မှတ်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့ရက်မှစ၍ အများပြည်သူ့အကျိုးစီးပွားနှင့် သက်ဆိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများတွင် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အစည်းများ ပါဝင်သည်ဟု သတ်မှတ်လိုက်သည်-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော နိုင်ငံတော်ပိုင်ဘဏ်များ၊

(ခ) တည်ဆဲငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၂(ခ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ငွေရေးကြေးရေးအဖွဲ့အစည်းများ နှင့် ဇယားဝင်အဖွဲ့အစည်းများ၊ (ဇယားဝင်အဖွဲ့အစည်းများအနက် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လိုင်စင်ထုတ်ပေးထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေစုငွေချေးအသင်းများ၊ စာတိုက်ငွေစုဘဏ် မပါဝင်ပါ)

(ဂ) မြန်မာ့အာမခံဥပဒေအရ တည်ထောင်ထားသော မြန်မာ့အာမခံလုပ်ငန်း နှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေအရ ခွင့်ပြုထားသော အာမခံကုမ္ပဏီများ၊ (အာမခံလုပ်ငန်းအဖွဲ့အစည်းများ မပါဝင်ပါ)

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရတည်ထောင်ထားသည့် ရန်ကုန်စတော့အိတ်ချိန်းတွင်စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၊ အစုရှယ်ယာပိုင်ရှင်အရေအတွက် ၁၀၀ ဦး ထက်ပိုရှိသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ နှင့် ယင်းတို့၏ လက်အောက်ခံကုမ္ပဏီများ၊

(င) တည်ဆဲဥပဒေများနှင့်အညီ မြန်မာနိုင်ငံစာရင်းကောင်စီက အခါအားလျော်စွာ သတ်မှတ်သော လုပ်ငန်းအဖွဲ့အစည်းများ။

၃။ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (International Financial Reporting Standards - IFRSs) နှင့်ပတ်သက်၍ နိုင်ငံတကာစာရင်းစံအဖွဲ့ (International Accounting Standards Board – IASB) က အခါအားလျော်စွာ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း နှင့် အသစ်ထုတ်ပြန်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၄။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစ၍ ရေးဆွဲသော ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်းများနှင့် အကျုံးဝင်သက်ရောက်စေရမည်။ ယင်းကဲ့သို့ လိုက်နာဆောင်ရွက်ရာတွင် သတ်မှတ်ချိန်ထက်ဆောလျင်စွာ လိုက်နာကျင့်သုံးနိုင်သည်။

၅။ ဤအမိန့်ကြော်ငြာစာနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေ နှင့် အကောင်အထည်ဖော်ရန် လိုအပ်သောပညာရပ်ဆိုင်ရာ အကူအညီများပေးနိုင်ရေးအတွက် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေ ပုဒ်မ ၂၀ (က)(၅) အရ ဖွဲ့စည်းထားသော စာရင်းစစ်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီ နှင့် ပုဒ်မ ၂၀(က)(၆) အရ ဖွဲ့စည်းထားသော စာရင်းကိုင်လုပ်ငန်းဆိုင်ရာ စောင့်ကြည့် စစ်ဆေးရေးကော်မတီသည် စာရင်းဆိုင်ရာစံများကော်မတီမှတစ်ဆင့် မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၆။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၄-၇-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၈)၊ နှင့် ၂၃-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၆/၂၀၂၃) တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်ပြီး မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၆-၅-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၀) ဖြင့်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းကိုင်စံများကို ဤအမိန့်ကြော်ငြာစာ အကျုံးဝင်သက်ရောက်သည့်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

(ဒေါက်တာခင်နိုင်ဦး)

ဥက္ကဋ္ဌ

စာအမှတ်၊ မစက/၁၀၀ (၆၀၂ /၂၀၂၄) ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၄ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်၊<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံတော်ပြန်တမ်းအပိုင်း (၂) တွင်<br>ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘဏ်များအသင်း

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံး

(အများပြည်သူသို့စာရင်းဝန်ဆောင်မှုပေးသည့်လုပ်ငန်းလုပ်ကိုင်သူများသို့ ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။)

**မိတ္တူ**

ကြော်ငြာသင်ပုန်း

အမိန့်ကြော်ငြာစာစာတွဲ

ရုံးလက်ခံ

မျှော

အမိန့်အရ

(ကျော်ကျော်ထွန်း)

ညွှန်ကြားရေးမှူး